# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပို့ဆောင်ရေးဝန်ကြီးဌာန
# ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## (ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ )

စာအမှတ်၊ SSE/NM/ ၀၀၅ / ၂၀၁၅

ရက်စွဲ၊ ၂၀၁၅-ခုနှစ်၊ဖေဖော်ဝါရီလ( ၂၇)ရက်။

အကြောင်းအရာ။ ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ။**

ရည်ညွှန်းချက်(၁) ။ ။**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ (၀၂.၀၂.၂၀၁၅)ရက်နေ့စွဲပါ စာအမှတ်၊ကပ/ညွှန်း/၀၄၈၂**

ရည်ညွှန်းချက်(၂)။ ။**စွမ်းအင်ဝန်ကြီးဌာန၏ (၂၃.၀၂.၂၀၁၅) ရက်နေ့စွဲပါစာအမှတ်၊၄-၂စွမ်းအင် (၁)(၆၆၁) ၂၀၁၅** ။

၁။ အထက်အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့်ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင်အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသောDaewoo International Corporation (Myanmar E & P) သည် ရွှေသဘာဝ ဓာတ်ငွေ့စီမံကိန်း လုပ်ငန်းမှထွက်ရှိသော သဘာဝဓာတ်ငွေ့များကို ၃၂လက်မ ပိုက်လိုင်းဖြင့် ဆက်သွယ်၍ တင်ပို့ ရောင်းချလျှက် ရှိပါသည်။အဆိုပါ ၃၂လက်မ ပိုက်လိုင်းအားကမ်းနီးရေတိမ်ပိုင်းတွင် Supporting Vessel “MV.PACIFIC RAPIER”(CallSign;9V5943) ဖြင့်ပိုက်လိုင်းစစ်ဆေးခြင်း လုပ်ငန်းအား(၂၃-၂-၂၀၁၅)ရက်နေ့မှ(၂-၃-၂၀၁၅)ရက်နေ့အထိ ဆောင်ရွက်သွားမည့် ကိစ္စနှင့် ပတ်သက်၍ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ရည်ညွှန်းချက် (၁) ပါစာဖြင့် ရေကြောင်း သတိပေးချက် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ယခုအခါတွင် လုပ်ငန်းများဆောင်ရွက်ရန်ကျန်ရှိနေပါသောကြောင့် (၀၃.၀၃.၂၀၁၅) ရက်နေ့မှ(၁၅.၀၃.၂၀၁၅) ရက်နေ့ထိ လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၃။ 32 Inches Pipeline Inshore Inspectionဆောင်ရွက်မည့်ဧရိယာအကျယ်အဝန်းများကို ဖော်ပြသည့်Coordinates များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

Inches Pipeline Inshore Inspection ဆောင်ရွက်မည့်ဧရိယာ Coordinate များမှာ-

| **Point** | **Latitude** | **Longitude** |
|---|---|---|
| Point(A) | 19° 28’ 43.76” N | 93°27’ 22.50” E |
| Point (B) | 19° 28’ 18.72” N | 93°28’ 50.22” E |
| Point (C) | 19° 26’ 23.92” N | 93°31’ 06.67” E |
| Point (D) | 19° 25’ 10.97” N | 93°29’ 26.57” E |
| Point (E) | 19° 26’ 22.08” N | 93°28’ 15.74” E |
| Point (F) | 19° 26’ 44.67” N | 93°26’ 55.96” E |

၄။ သို့ဖြစ်ပါ၍ (၀၃.၀၂.၂၀၁၅)ရက်နေ့မှ(၁၅.၀၃.၂၀၁၅) ရက်နေ့အထိ ဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင် ဧရိယာမှ (၄) ကီလိုမီတာ ပတ်လည်အတွင်း သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်း သင်္ဘောများ၊စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချ ရပ်နားခြင်း၊ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမပြုကြပါရန်နှင့် အဆိုပါ ဧရိယာအနီးမှ လွတ်ကင်းစွာ သတိပြု မောင်းနှင်သွားကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ လိုက်နာမှုမရှိသော ရေယာဉ်များအား တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

xxxxxxxxxxxxxxxxxxxxxxxxxxxxx

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx